Golden Lion
Golden Lion Wire Co.,Ltd

The VOICE Daily

MAI
Myanmar Airways International
www.maiair.com

Vol. 6 / No. 71
Established in 2004
၁၃၈၀ ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော် (၆)ရက်၊ (Tuesday, July 3, 2018)

## ထိုင်းကျောင်းသားလေးများ ပိတ်မိနေဖွယ်ရှိသည့် ဂူအပိုင်းသို့ ကယ်ဆယ်ရေးများ ရောက်ရှိနိုင်ခြေမြင့် စာ 2

## Mytel Group တရားစွဲမှု ကြံ့ခိုင်ရေးပါတီ ဖြေရှင်းမည်ဟုပြော စာ 20

## ဂျပန်နှမ်း အမြင့်ဆုံး ဈေးရောက် စာ 18

## ရန်ကုန်တက္ကသိုလ်ဝင်ခွင့် ပါမောက္ခ ဌာနမှူးများ ဦးဆောင်၍ လူတွေ့စစ်မည် စာ 4

# ဘင်္ဂါလီဒုက္ခသည်များကို ပြန်လည်လက်ခံရန် မြန်မာနိုင်ငံ အဆင်သင့်မဖြစ်သေးဟု ICRC အကြီးအကဲမှတ်ချက်ပေး

ရန်ကုန်၊ ဇူလိုင် ၂

မြန်မာနိုင်ငံ ရခိုင်ပြည်နယ်မြောက်ပိုင်း ဒေသရှိ အခြေအနေအရပ်ရပ်တို့သည် ပဋိပက္ခများကြောင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်သို့ ထွက်ပြေးတိမ်းရှောင်သွားခဲ့သော ဘင်္ဂါလီလူမျိုးထောင်ပေါင်းများစွာကို ပြန်လည်လက်ခံရန် အဆင်သင့်မဖြစ်သေးဟု နိုင်ငံတကာကြက်ခြေနီအဖွဲ့ (ICRC) ၏ အကြီးအကဲဖြစ်သူ ပီတာမူရာက သုံးသပ်ပြောကြားလိုက်ကြောင်း The Guardian သတင်းစာက ရေးသားဖော်ပြသည်။

ICRC ၏ အကြီးအကဲ ပီတာမူရာသည် ရခိုင်ပြည်နယ်မြောက်ပိုင်း ပဋိပက္ခများဖြစ်ပွားခဲ့သော နေရာဒေသများသို့ သွားရောက်လေ့လာကြည့်ရှုပြီး စာ 2

**မြန်မာ - ဘင်္ဂလားဒေ့ရှ် တရုတ်နိုင်ငံတွင် ဒုက္ခသည်အရေး ဆွေးနွေး** စာ 2

# ရိုက်တာသတင်းထောက်များအမှု စွဲချက်တင်သင့်၊ မသင့် ဇူလိုင် ၉ ရက်တွင် အမိန့်ချမည်

ရန်ကုန်၊ ဇူလိုင် ၂



ဓာတ်ပုံ – ခင်မြတ်မြတ်ဆေ

စာ 2

နိုင်ငံတော်လျှို့ဝှက်ချက်အက်ဥပဒေဖြင့် တရားစွဲဆိုဖမ်းဆီးခံထားရသည့် ရိုက်တာသတင်းဌာနမှ သတင်းထောက်နှစ်ဦးကို ဇူလိုင်လ ၂ ရက်တွင် အင်းစိန်မြို့နယ် မြောက်ပိုင်းခရိုင်တရားရုံး၌ ရုံးထုတ်အပြီး မီဒီယာများနှင့် တွေ့ဆုံစဉ်

# ဖားကန့်မြို့ပေါ် ရပ်ကွက်လေးခုတွင် ရေကြီး၊ လမ်းပန်းဆက်သွယ်ရေးအချို့ ပြတ်တောက်

မြစ်ကြီးနား၊ ဇူလိုင် ၂

ကချင်ပြည်နယ်တွင် မိုးရွာသွန်းမှုကြောင့် ဥရုချောင်းရေတက်သဖြင့် ဖားကန့်မြို့နယ်ရှိ ရပ်ကွက်လေးခုနှင့် လုံးခင်းနှင့် ကံဆီးမော်ဒေသတွင် ဇူလိုင်လ ၂ရက်က ရေကြီးရေလျှံမှုဖြစ်နေပြီး မိုးကောင်းနှင့် ကားမိုင်းသို့ သွားသောလမ်းများတွင် ဆက်သွယ်ရေးပြတ်တောက်နေကြောင်း ဒေသခံများထံမှ စုံစမ်း သိရှိရသည်။

ဖားကန့်မြို့နယ်အတွင်း ရပ်ကွက်လေးခုနှင့် လုံးခင်းကျေးရွာအုပ်စု စာ 20



Photo by Moe Moe

## တရုတ်နှင့်ထိုင်း မော်ခိုပစ္စည်းတင်သွင်းမှုကို ရှမ်းပြည်နယ်အစိုးရ ဖမ်းဆီးမည် စာ 21

## နိုင်ငံတော်အတိုင်ပင်ခံ၏ နေအိမ်ဝင်းထဲ ဓာတ်ဆီပုလင်း ပစ်သွင်းသူကို အလုပ်နှင့် ထောင်ဒဏ် ၅ နှစ်ချ စာ 25



# မန္တလေးတိုင်း သဘင်အစည်းအရုံးအလုပ်အမှုဆောင် ပြန်ရွေးမည်

မန္တလေး၊ ဇူလိုင် ၂

မြန်မာနိုင်ငံသဘင်အစည်းအရုံး မန္တလေးတိုင်း၏ အလုပ်အမှုဆောင်ကော်မတီရွေးချယ်တင်မြှောက်ပွဲကို ဇူလိုင်လ ၉ ရက်နေ့ ကျင်းပမည်ဖြစ်ကြောင်း ယင်းအစည်းအရုံး၊ ဗဟိုဒုဥက္ကဋ္ဌ (၁) ဦးမိုးဝင်းက ပြောကြားသည်။

မြန်မာနိုင်ငံသဘင်အစည်းအရုံး ရွေးချယ်တင်မြှောက်ခြင်းဆိုင်ရာ စည်းမျဉ်းအပိုဒ် ၈ အရ ရွေးချယ်တင်မြှောက်ခံရသောလူပုဂ္ဂိုလ် (သို့မဟုတ်) အမှုဆောင်ကော်မတီအနေနှင့် သဘင်အစည်းအရုံး တိုးတက်အောင် မဆောင်ရွက်နိုင်ခြင်း၊ အားနည်းခြင်း၊ လျော့ကျခြင်း၊ အများကလက်ခံနိုင်မှု မရှိခြင်းတို့ရှိလာပါက ဗဟိုသဘင်အနေနှင့် ပြန်လည်စိစစ်ရွေးချယ်ရမည်ဟုပါရှိသောကြောင့် မူလဖွဲ့စည်းထားသည့် မန္တလေးတိုင်း၊ အလုပ်အမှုဆောင်ကော်မတီကိုဖျက်သိမ်းကာ ပြန်လည်ရွေးချယ် တင်မြှောက်ခြင်းဖြစ်သည်။

"ဒီမှာ သေဆုံးသွားတာရှိတယ်။ ဗဟိုအဆင့်ရွေးချယ်ခံရသူလည်းရှိတယ်။ နုတ်ထွက်သွားတဲ့သူလည်းရှိတယ်။ ဒါ့ကြောင့်အင်အားကတော်တော်နည်းသွားတယ်" ဟု ဦးမိုးဝင်းက ရှင်းပြသည်။

အလုပ်အမှုဆောင်ကော်မတီကို ယခင်က ၁၁ ဦးဖြင့် ဖွဲ့စည်းခဲ့သော်လည်း ပြန်လည်ဖွဲ့စည်းရာတွင် ၁၅ ဦးအထိ တိုးချဲ့ဖွဲ့စည်းမည်ဖြစ်ကြောင်း၊ ဧရာဝတီတိုင်း၌ ဇွန်လအတွင်းက ပြန်လည်ရွေးချယ်တင်မြှောက်ပွဲ ကျင်းပခဲ့ကြောင်း၊ ရန်ကုန်တိုင်း၌လည်း လစ်လပ်အမှုဆောင်များရွေးချယ်ပွဲကို ဇူလိုင်လ ၁ ရက်နေ့က ကျင်းပခဲ့ကြောင်း အဆိုပါအစည်းအရုံးထံမှ သိရသည်။

မြန်မာနိုင်ငံသဘင်အစည်းအရုံး၏ သတ်မှတ်ချက်အရ အလုပ်အမှုဆောင်ကော်မတီသက်တမ်းမှာ လေးနှစ်ဖြစ်သည်။

■

M-07



ဓာတ်ပုံ-အေးစုမွန်

ခေတ်မီကောင်တာသစ်များ ဖွင့်လှစ်ခြင်းကို ဇူလိုင်လ ၂ ရက်က မန္တလေးစာတိုက်ကြီးတွင် ပြုလုပ်စဉ်

## ဂျပန်အထောက်အပံ့ဖြင့် မန္တလေးစာတိုက်ကြီး အဆင့်မြှင့်

မန္တလေး၊ ဇူလိုင် ၂

ဂျပန်နိုင်ငံ ပြည်ထဲရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၏ ထောက်ပံ့မှုဖြင့် အောင်မြေသာစံမြို့နယ်၊ လမ်း ၈၀ နှင့် ၈၁ လမ်းကြား၊ ၂၂ လမ်းပေါ်ရှိ မန္တလေးစာတိုက်ကြီးကို အဆင့်မြှင့်သည့်အနေနှင့် ခေတ်မီကောင်တာသစ်များ စတင်ဖွင့်လှစ်ခဲ့သည်။

မြန်မာ့စာတိုက်လုပ်ငန်း ဖွံ့ဖြိုးတိုးတက်စေရန် ကောင်တာသစ်များဖွင့်လှစ်ပေးခြင်းဖြစ်ကြောင်း၊ ပြည်သူများကို စာတိုက်ဝန်ဆောင်မှုများပေးရာတွင် အထောက်အကူပြုစေရန် ရည်ရွယ်ကြောင်း ဂျပန်နိုင်ငံ ပြည်ထဲရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

အဆိုပါခေတ်မီကောင်တာသစ်များသည် ဂျပန်-မြန်မာ စာပို့တိုက်လုပ်ငန်း နည်းပညာအကူအညီပေးရေး၏ အစီအစဉ်တစ်ရပ်ဖြစ်ကြောင်း၊ ကောင်တာလုပ်ငန်းများ စနစ်တကျရှိစေရေးအတွက် ဂျပန်နိုင်ငံရှိ Nagata Co., Ltd. မှ IT နည်းပညာများ ကူညီထားကြောင်း မြန်မာ့စာတိုက်လုပ်ငန်းထံမှ သိရသည်။

"ကောင်တာသစ်တွေ မလဲခင်တုန်းက စာတိုက်ကြီးကိုလာရင် မှောင်တယ်။ ကြာကြာမနေချင်ဘူး။ အခုတော့ လင်းသွားတယ်။ သန့်ရှင်းသွားတယ်။ ဝန်ထမ်းတွေကိုလည်း အပြုံးသင်တန်းပေးထားတယ်" ဟု ဂျပန်နိုင်ငံ၊ ပြည်ထဲရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန တာဝန်ရှိသူက ထပ်မံပြောဆိုသည်။

အဆိုပါ ခေတ်မီကောင်တာသစ်များကို ရန်ကုန်နှင့် မန္တလေးမြို့ရှိ စာတိုက်ကြီးများအတွက် ကူညီပေးထားကြောင်း၊ မြန်မာ့စာတိုက်ကို ပြည်သူများ ယုံကြည်အားကိုးလာစေရန် သုံးနှစ်ကြာစီမံကိန်းတစ်ခုရေးဆွဲကာ ဦးစားပေးလုပ်ဆောင်ခဲ့ကြောင်း၊ အဆိုပါစီမံကိန်းအရ ကောင်တာများ ထောက်ပံ့ခြင်း၊ စာပို့မြေပုံပြုစုခြင်း၊ စာပို့လမ်းကြောင်း ရေးဆွဲခြင်း၊ စာပို့သင်္ကေတ စာအုပ်ထုတ်ဝေခြင်းတို့ လုပ်ဆောင်ပေးခဲ့ကြောင်း အဆိုပါဌာနထံမှ သိရသည်။

"စာပို့သင်္ကေတက မရှိမဖြစ်လိုတယ်။ ဒါ့ကြောင့်လုပ်တယ်။ ဒါက အကောင်အထည်ဖော်သွားပြီ။ ကျယ်ပြန့်အောင် ထပ်လုပ်ရဦးမယ်" ဟု ဂျပန်နိုင်ငံ၊ ပြည်ထဲရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူက ထပ်မံပြောဆိုသည်။

■

M-07

## စဉ့်ကူးတွင် ယာဉ်တိုက်မှုကြောင့် လေးဦးသေဆုံး

မန္တလေး၊ ဇူလိုင် ၂

ဗန်းမော်မြို့မှ မန္တလေးမြို့သို့ ထွက်ခွာလာသော မနောရတနာ ခရီးသည်တင်ယာဉ်လိုင်းမှ ယာဉ်တစ်စီးသည် ဇူလိုင်လ ၂ ရက်နေ့ နံနက်အစောပိုင်းက စဉ့်ကူးမြို့နယ်အတွင်း လမ်းဘေး၌ရပ်ထားသည့် ကုန်တင်ယာဉ်တစ်စီးကို ဝင်တိုက်မိခဲ့သည့်အတွက် ခရီးသည်လေးဦး သေဆုံးခဲ့ပြီး ငါးဦးမှာ ဒဏ်ရာပြင်းထန်စွာရရှိခဲ့ကြောင်း စဉ့်ကူးမြို့နယ် မဲဆန္ဒနယ်မြေ အမှတ် (၁) မှ မန္တလေးတိုင်း လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကျော်သန်းက ပြောကြားသည်။

"ကျွန်တော်သိသလောက်တော့ အဲဒီကားက ရုပ်တန်းကျိုးနေတဲ့အတွက် လမ်းဘေးမှာရပ်ထားတာ။ အဲဒါကိုဝင်တိုက်မိတာ" ဟု ၎င်းကရှင်းပြသည်။

ယာဉ်တိုက်မှုဖြစ်ပွားချိန်တွင် မနောရတနာခရီးသည်တင်ယာဉ်ပေါ်၌ ယာဉ်မောင်းအပါအဝင် ခရီးသည် ၁၁ ဦး လိုက်ပါလာကြောင်း၊ ယာဉ်တိုက်မှုကြောင့် ယာဉ်မောင်းနှင့် ခရီးသည်ကိုးဦးကို လူမှုကူညီရေးအဖွဲ့များက ကယ်ထုတ်ကာ ဆေးရုံသို့တင်ပို့ခဲ့ရကြောင်း ဒေသခံများအဆိုအရ သိရသည်။

ယင်းသို့ကယ်ထုတ်ကာ ဆေးရုံတင်ပို့စဉ် ယာဉ်မောင်းနှင့်ခရီးသည်နှစ်ဦးတို့သည် လမ်းတွင်သေဆုံးခဲ့ကြောင်း၊ ခြောက်ဦးကို ဆေးရုံသို့တင်ပို့ခဲ့ရာ၌ တစ်ဦးမှာ ဆေးရုံတွင် ထပ်မံသေဆုံးခဲ့ကြောင်း လွှတ်တော်ကိုယ်စားလှယ်က ထပ်မံပြောကြားသည်။

အဆိုပါယာဉ်တိုက်မှုနှင့် ပတ်သက်၍ လက်ပန်လှကျေးရွာရဲစခန်းက ယာဉ်မောင်းကို အမှုဖွင့်ထားကြောင်း ယင်းရဲစခန်းထံမှ သိရသည်။

■

M-04

(အကြောဘုရင်)ဆာဒူးကြီး

ကျား/သီးသန့် အကြောသန်အားတိုးဆေး၊ စားဆေး၊ လိမ်းဆေး၊ ထိန်းဆေးရမည်။ အာရုံကြော အားနည်း၊ အကြောမသန်၊ ပိန်လှီသေးကွေး၊ ပန်းသေပန်းညှိုးရောဂါဒီဌပျောက်ကင်းစေပါသည်။ ဆိုင်တိုင်းမှာမေးဝယ်ပါ။ ဖြန့်ချိရေး-၃၄၄ ရွှေဘုံသာအထက်၊ ပန်းဘဲတန်း၊ ရန်ကုန်။ ၀၉ ၉၆၅၀၀၆၁ ၂၃၊ ၀၉ ၅၀၀၆၁ ၂၃